

ဘာသာပြန် စာရေးဆရာ – အပြုံးလေး

# သိုင်းပါရဂူ

(ချင်းချန်)

(Chapter 3213 - 3239)

စာစဉ် – ၁၆၃

# အပိုင်း ( ၃၂၁၃ )

ချင်းချန်မျက်ခုံးပင့်သွားသည်။ နန်းတော်သခင်မက ယခုလောက်ထိ ရက်စက်လိမ့်မည်ဟု သူမထင်ထားခဲ့ပေ။

သူမလှုပ်ရှားလိုက်သည်နှင့် အကြီးအကဲများအကုန်လုံးက မြေပြင်တွင်သံဖြင့်ရိုက်ထားသလို ဆို့ရိုက်ခံထားရ၏။

သူမ၏နည်းစနစ်က အလွန်ပင်အစွမ်းထက်လှသည်။

ထိုအရာကလည်း သဘာဝသာဖြစ်၏။ သူမသာယခုကဲ့သို့ ရက်စက်ပြီးမကြမ်းတမ်းလျှင် ကွမ်ချန်နန်းတော်၏သခင်မ မည်ကဲ့သို့ဖြစ်နိုင်မည်နည်း။

" အစ်ကိုဂူဒိုင်ငါ့ကိုပြော မင်းလက်ထဲမှာရှိနေတဲ့ အစိမ်းရောင်ကျောက်တုံးကဘာလဲ "

ကွမ်ချန်နန်းတော်သခင်မက အရာအားလုံးကိုပြုလုပ်ပြီးသည်နှင့် တည်ငြိမ်စွာချင်းချန်အားမေးလိုက်သည်။

" ဟား ဟား ကွမ်ချန်နန်းတော်သခင်မ မင်းကတကယ်ကို လေးစားဖို့

ကောင်းတယ် "

ချင်းချန်ကရယ်မောကာဖြင့် လေးစားကြောင်းပြောလိုက်၏။ နန်းတော်သခင်မကတကယ်ကို ယခုလိုကိစ္စများကြုံရတာတောင်မှ မျက်နှာပျက်ယွင်းခြင်းမရှိပဲ တည်ငြိမ်လွန်းလှသည်။

ဂေါင်ရီအင်ပါယာကိုသိမ်းပိုက်ရန်အတွက် ယိုမီအိမ်တော်က အင်အားအများကြီးသုံးစွဲထားသည်မှာ အံ့သြစရာမရှိတော့ပေ။

" ဒါက ကိုးဘဝကျောက်တုံးပဲ ပြောရရင် ဒီရတနာက ယိုမီအိမ်တော်ကကိုးမျက်နှာလူသတ်သမားရဲ့ ပစ္စည်းလို့လဲပြောလို့ရတယ်၊ ဒီကျောက်တုံးကတစ်ဦးတစ်ယောက်ချင်းစီရဲ့ ကျင့်ကြံခြင်းအရင်းအမြစ်စွမ်းအားကိုထည့်သွင်းပြီးတော့ စာချုပ်ချုပ်ထားတဲ့ ထူးခြားတဲ့တည်ရှိမှုတစ်မျိုးလို့လည်းပြောလို့ရတယ် "

" ကိုးဘဝကျောက်တုံး "

ကွမ်ချန်နန်းတော်သခင်မက ကိုးဘဝကျောက်တုံးအားကြည့်ကာ ကျိုးဝူထျန်းနှင့်ကျန်သူများကိုကြည့်လိုက်ပြီး...

" အစ်ကိုဝူဒို မင်းပြောချင်တာက ကျိုးဝူထျန်းနဲ့ကျန်တဲ့လူတွေအကုန်လုံးက သူတို့ရဲ့ကျင့်ကြံခြင်းအရင်းအမြစ်ကို ဒီကိုးဘဝကျောက်တုံးထဲမှာထည့်သွင်းပြီးတော့ စာချုပ်ချုပ်ဆိုထားတယ်လို့ ဆိုချင်တာလား "

ချင်းချန်သည်ပြုံးလိုက်ကာ...

" ဟုတ်တယ် ဒီကိုးဘဝကျောက်တုံးကို အသက်သွင်းလိုက်တာနဲ့ သူ့အထဲမှာရှိတဲ့ စာချုပ်ချုပ်ဆိုထားသူတွေရဲ့ ခန္ဓာကိုယ်မှာလည်း စာချုပ်နဲ့ပတ်သက်တဲ့ရဏ်းတစ်မျိုးက အသက်ဝင်လာလိမ့်မယ် "

" အဲ့တာကြောင့်လဲ သူတို့ကထွက်ပြေးကြတာပဲ "

ကွမ်ချန်နန်းတော်သခင်မ၏မျက်နှာက အေးစက်သွား၏။ ရှုရှောင်းနှင့်ကျန်ရှိနေသည့်အကြီးအကဲများက ပို၍ပင်မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။ ကွမ်ချန်နန်းတော်ထဲရှိ ကောင်းကင်သခင်အဆင့်ကျင့်ကြံသူများမြောက်များစွာကို ယိုမီအိမ်တော်က ထိန်းချုပ်ထားခဲ့သည်လား။

ကျန်ရှိနေသော သစ္စာဖောက်အကြီးအကဲများအကုန်လုံး၏စိတ်ထဲတွင်ကြောက်ရွံ့မှုကိုခံစားလိုက်ရ၏။ သူတို့မသိခင်မှာပင် ကွမ်ချန်နန်းတော်တစ်ခုလုံးက အန္တရာယ်ထဲကိုကျရောက်နေပြီဖြစ်သည်။

" ဘာလို့လဲ "

ကွမ်ချန်နန်းတော်သခင်မက ကျိုးဝူထျန်းနှင့်ကျန်သူများကိုကြည့်ကာ သူမ၏မျက်လုံးထဲတွင် ဝမ်းနည်းပူဆွေးမှုများ ထွက်ပေါ်နေ၏။

ထိုလူများအဘယ့်ကြောင့် ဤသို့လုပ်သည်ဆိုတာကို သူမနားလည်နိုင်ခြင်းမရှိချေ။

" နန်းတော်သခင်မ ယိုမီအိမ်တော်ကို ငါတို့ခိုလှုံချင်လို့မဟုတ်ပဲ ကိုးမျက်နှာလူသတ်သမားကိုခုခံဖို့အတွက် နည်းလမ်းမရှိလို့ပါ၊ ကိုးမျက်နှာလူသတ်သမားက ငါတို့ကိုထိန်းချုပ်ဖို့အတွက် ဒီကိုးဘဝကျောက်တုံးကိုအသုံးပြုပြီး အတင်းအကြပ်လုပ်ခဲ့တာပဲ "

ကျိုးဝူထျန်းက ချက်ချင်းပင် အော်ပြောလိုက်သည်။

" ဟား ဟား အတင်းအကြပ်လုပ်တယ်ဟုတ်လား "

ချင်းချန်ကပြုံးလိုက်ပြီး...

" ကွမ်ချန်နန်းတော်သခင်မ ကိုးဘဝကျောက်တုံးမှာ စာချုပ်ချုပ်တာက အကျိုးသက်ရောက်မှုကြီးမားပေမဲ့ လူတိုင်းကဆန္ဒမရှိရင် ချုပ်ဆိုလို့မရဘူးဆိုတဲ့ စကားကိုပြောဖို့မေ့သွားတယ် "

" ကွမ်ချန်နန်းတော်သခင်မ မင်းကိုယ်တိုင်လေ့လာကြည့်လိုက် "

" ဒီကိုးဘဝကျောက်တုံးထဲမှာ သူ့ကိုအသုံးပြုတဲ့နည်းစနစ်ပါဝင်တယ် "

ချင်းချန်ကပြောရင်း ကိုးဘဝကျောက်တုံးကို ကွမ်ချန်နန်းတော်သခင်မထံ ပစ်ပေးလိုက်၏။

ချက်ချင်းပင် ကွမ်ချန်နန်းတော်သခင်မက ကိုးဘဝကျောက်တုံးသို့ ဝိညာဥ်စွမ်းအားပို့လွှတ်လိုက်သောအခါ ကိုးဘဝကျောက်တုံးကိုအသုံးပြုသည့် နည်းစနစ်တစ်မျိုးက သူမ၏စိတ်ထဲသို့ဝင်ရောက်လာပြီး သေချာနားလည် သွားသည်။

" ဟမ့် အခုချိန်ထိနင်ကငါ့ကို လှည့်စားချင်တုန်းပဲပေါ့ "

ကွမ်ချန်နန်းတော်သခင်မက အေးစက်စွာပြောလိုက်ပြီး သူမ၏သွယ်လျသောလက်ကို ဆန့်ထုတ်လိုက်သောအခါ လရောင်တောက်ပနေသည့် လက်ဝါးကြီးက ကျိုးဝူထျန်း၏ဦးခေါင်းကို တိုက်ရိုက်ပင် ရိုက်ခွဲသွား၏။

ကောင်းကင်သခင်အဆင့် ကျင့်ကြံသူတစ်ယောက်၏ အမျိုးမျိုးသော တာအိုစွမ်းအားများက လေထုထဲ၌ချက်ချင်း ထွက်ပေါ်လာတော့သည်။

" နန်းတော်သခင်မ ငါ့ကိုချမ်းသာပေးပါ "

ကျိုးဝူထျန်းသည် သူ၏ခန္ဓာကိုယ်ပျက်စီးသွားသဖြင့် ဝိညာဥ်သာကျန်ရှိတော့ပြီး ထိုဝိညာဥ်ကနန်းတော်သခင်မကိုလွှတ်ပေးရန်အတွက် အသနားခံလိုက်၏။

သို့သော် နန်းတော်သခင်မ၏ လက်တစ်ချက်ဝှေ့လျှင် လရောင်အလင်းတန်းက ထွက်ပေါ်လာခဲ့ပြီး ကျိုးဝူထျန်း၏ဝိညာဥ်က အစအနပင်မကျန်အောင် ပျောက်ကွယ်သွားသည်။

ချက်ချင်းပင် ခန်းမကြီးတစ်ခုလုံးက တိတ်ဆိတ်သွားတော့၏။

ကွမ်ချန်နန်းတော်သခင်မက ပြတ်သားစွာဖြင့် ကျိူးဝူထျန်းအား တိုက်ရိုက်သတ်ဖြတ်လိုက်ခြင်းဖြစ်သည်။

ကျန်ရှိနေသော သစ္စာဖောက်အကြီးအကဲများကလည်း မြေကြီးပေါ်တွင် ခန္ဓာကိုယ်များတုန်ယင်ကာ ထိတ်လန့်နေကြ၏။

" သူတို့ကိုစစ်ဆေးမေးမြန်းတဲ့နေရာခေါ်သွားလိုက် ယိုမီအိမ်တော်မှာ သူတို့ကိုဘာကိစ္စနဲ့ထိန်းချုပ်ထားလဲဆိုတာ ကြည့်ရသေးတာပေါ့ "

ကွမ်ချန်နန်းတော်သခင်မက ကျန်ရှိနေသောသစ္စာဖောက်အကြီးအကဲများကိုကြည့်ကာ အေးစက်စွာဖြင့်ပြောလိုက်သည်။

ယိုမီအိမ်တော်ကလူများက သူမ၏ကွမ်ချန်နန်းတော်ထဲကလူများကို စည်းရုံးရဲသည်မှာ တကယ်ကိုသည်းမခံနိုင်စရာကိစ္စဖြစ်၏။

ကျန်ရှိနေသေးသော ကောင်းကင်အထွတ်ထိပ်အဆင့်အကြီးအကဲများက သတ်ဖြတ်လိုစိတ်များဖြင့် ထိုသူများကိုတယောက်ပြီးတစ်ယောက် ဂုတ်မှဆွဲကိုင်ကာ ထွက်ခွာသွားကြ၏။

" အစ်ကိုဝူဒို ကျေးဇူးပြုပြီးထိုင်ပါ "

ကွမ်ချန်နန်းတော်သခင်မကချင်းချန်အား လေးစားစွာကြည့်ပြီးပြောလိုက်သည်။

" နန်းတော်သခင်မ အခုင့ါရဲ့ခွန်အားကို မင်းဘယ်လိုထင်လဲ "

ချင်းချန်ကထိုင်ပြီး ကွမ်ချန်နန်းတော်သခင်မကိုပြုံး၍ကြည့်ကာ ပြောလိုက်၏။

" အစ်ကိုဝူဒို မင်းရဲ့စွမ်းအားက တကယ်ကိုနားမလည်နိုင်လောက်အောင်ပါပဲ ကောင်းကင်သခင်အလယ်အလတ် အထွတ်ထိပ်အဆင့်မှာရှိတဲ့လူတွေကို အေးအေးဆေးဆေးတိုက်ခိုက်နိုင်စွမ်းရှိတယ် "

ကွမ်ချန်နန်းတော်သခင်မက ယခုအချိန်တွင်သူ၏စိတ်များက ပြန်လည်တည်ငြိမ်သွားပြီဖြစ်ကာ အေးဆေးစွာဖြင့် ချင်းချန်အားပြောလိုက်သည်။

" မမျှော်လင့်ပဲ ငါ့ကိုထိန်းချုပ်ပြီးတော့ ဂေါင်ရီအင်ပါယာကိုသိမ်းပိုက်နိုင်ဖို့အတွက် ယိုမီအိမ်တော်ကလူတွေက ကွမ်ချန်နန်းတော်ထဲမှာသစ္စာဖောက်တွေတောင်မှ အဖွဲ့လိုက်ထည့်ထားပြီးပြီ၊ ငါသာမသိရင် ကွမ်ချန်နန်းတော်တစ်ခုလုံးက ပျက်စီးသွားမှာစိုးရိမ်ရတယ်၊ အစ်ကိုဂူဒို မင်းရဲ့ကြင်နာမှုကို ငါလုံးဝမမေ့ပါဘူး၊ ဒီလိုလုပ်တာ အစ်ကိုဂူဒိုမှာအကြောင်းပြချက်ရှိမှာပဲ၊ ပြောပါတတ်နိုင်သမျှ ငါမင်းကျေနပ်အောင်လုပ်ပေးမယ် "

ကွမ်ချန်နန်းတော်သခင်မက အလွန်ပင်တည်ငြိမ်နေပြီး ယခုအချိန်တွင်မည်သည့်ထိတ်လန့်မှုမှမရှိတော့ပေ။

ထို့ကြောင့်ချင်းချန်အား တိုက်ရိုက်ပင်မေးလိုက်၏။

" ကွမ်ချန်နန်းတော်သခင်မ ငါ့မှာဘာလိုအပ်ချက်မှမရှိပါဘူး၊ ကွမ်ချန်နန်းတော်က နှစ်ပေါင်းမရေတွက်နိုင်အောင် တည်တံ့လာတဲ့အင်အားစုကြီးတစ်စု၊ ဒါကိုအပြင်လူတွေလက်ထဲကို မကျရောက်သွားစေချင်တာတစ်ခုပဲ "

ကွမ်ချန်နန်းတော်သခင်မက ပြုံးလိုက်ကာ...

" အစ်ကိုဂူဒို ငါခန့်မှန်းရရင်နင်က ယိုမီအိမ်တော်နဲ့ကြီးမားတဲ့ရန်ငြိုးရှိတယ်မဟုတ်လား၊ ပြီးတော့ကိုးမျက်နှာလူသတ်သမားပိုင်ဆိုင်ထားတဲ့ ကိုးဘဝကျောက်တုံးဆိုတာ အစ်ကိုဂူဒိုဆီဘယ်လိုလုပ်ရောက်နေတာလဲ "

" ကိုးဘဝကျောက်တုံးလား "

ချင်းချန်ပြုံးလိုက်သည်။

" ဒီအဘိုးကြီး ကွမ်ချန်နန်းတော်ကို ဝင်ရောက်စွက်ဖက်တဲ့အကြောင်းအရင်းက ကွမ်ချန်နန်းတော်ကို ကယ်တင်ချင်တဲ့အပြင် နောက်ထပ်

အရေးကြီးတဲ့အကြောင်းအရင်းတစ်ခုလည်းရှိသေးတယ်၊ အဲ့တာကယိုမီအိမ်တော်ရဲ့အစီစဥ်ကိုဖျက်ဆီးပစ်ဖို့ပဲ၊ ပြီးတော့ဒီကိုးဘဝကျောက်တုံး အဲ့တာကတော့... "

ချင်းချန်ပြုံးလိုက်ကာ...

" ကိုးဘဝကျောက်တုံး ဒီအဘိုးကြီးလက်ထဲကို ကျရောက်နေတဲ့အကြောင်းအရင်းကတော့ ကိုးမျက်နှာလူသတ်သမားဆိုတာ ဒီကမ္ဘာမှာမရှိတော့လို့ပဲ "

" ဘာ... "

ချင်းချန်၏စကားထွက်လာသည်နှင့် ကျန်သူများအားလုံးထိတ်လန့်သွား၏။

ရှုရှောင်းနှင့်ကျန်သူများကလည်း ထိတ်လန့်သွားပြီး နှလုံးခုန်သံများမြန်ဆန်လာသည်။

ချင်းချန်၏စကားအရ ကိုးမျက်နှာလူသတ်သမားက သေပြီဆိုတာကျိန်းသေ၏။ ထို့အပြင်သူ့လက်ထဲတွင် သေဆုံးနိုင်ချေလည်းများသည်။

သေချာတွေးကြည့်လျှင် ကိုးမျက်နှာလူသတ်သမားလို လူတစ်ယောက်က အသတ်မခံရသ၍ သူ၏ရတနာပစ္စည်းများ အခြားလူလက်ထဲသို့ ရောက်ရှိမည်မဟုတ်ချေ။

ကိုးမျက်နှာလူသတ်သမားက ယိုမီအိမ်တော်၏ ကောင်းကင်အလယ်အလတ်အဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်ကာ အလွန်အမင်းကိုသန်မာသောလူတစ်ယောက်ဖြစ်၏။ ထိုသူကဤအကြီးအကဲ၏လက်ထဲတွင် သေဆုံးသွားပြီလား။

ထိုအကြီးအကဲက ယိုမီအိမ်တော်မှလက်စားချေမည်ကို မကြောက်ဘူး

လား။

အရှေ့ပိုင်းကောင်းကင်ဘုံတစ်ခုလုံးတွင် ယိုမီအိမ်တော်ကို မုတ်ဆိတ်မွေး သွားဆွဲရဲသည့်သူက မရှိသလောက်ပင်ရှားပါးလှသည်။

ဤအဘိုးကြီးက မည်သည့်နေရာကလာခဲ့သနည်း။

ကွမ်ချန်နန်းတော်သခင်မ၏မျက်လုံးများက လေးနက်သွား၏။

ဤအဘိုးအိုက ယခုလောက်အထိ ပြတ်ပြတ်သားသားလုပ်ဆောင်ထား မည်ဟု မည်သည့်အခါမှမတွေးထားပေ။ သူမ၏မျက်လုံးများကိုမှိတ်လိုက်ပြီး သက်ပြင်းချလိုက်ကာ...

" အစ်ကိုဝူဒို ငါကနင့်ကိုလှည့်စားပြီး ယိုမီအိမ်တော်ကို အကြောင်းကြား လိုက်မှာမကြောက်ဘူးလား "

ချင်းချန်ကပြုံးလိုက်ကာ...

" ကွမ်ချန်နန်းတော်သခင်မ လာနောက်နေတာပဲ၊ ကွမ်ချန်နန်းတော် သခင်မသာ ယိုမီအိမ်တော်ကိုခိုလှုံချင်တဲ့ရည်ရွယ်ချက်ရှိတယ်ဆိုရင် အစောကြီးတည်းကယိုမီအိမ်တော်ရဲ့ဖိတ်ခေါ်မှုကို ငြင်းခဲ့မှာမဟုတ်ဘူး၊ ပြီးတော့ငါက ကွမ်ချန်နန်းတော်သခင်မရဲ့အကျင့်စရိုက်ကို လုံးဝယုံကြည်မှုရှိတယ် "

***

# အပိုင်း ( ၃၂၁၄ )

" ထပ်ပြီးတော့ပြောရရင် ကွမ်ချန်နန်းတော်သခင်မ ယိုမီအိမ်တော်ကို တကယ်ပြောခဲ့ရင်တောင်မှ ဒီအဘိုးကြီးကလုံးဝမကြောက်ဘူး "

" ဘာလို့လဲဆိုတော့ ဒီဂေါင်ရီအင်ပါယာမှာ ဒီအဘိုးကြီးကိုတားနိုင်တဲ့သူ တစ်ယောက်မှမရှိလို့ပဲ "

" အစ်ကိုဝူဒိုက ယိုမီအိမ်တော်ကိုဂရုမစိုက်တာ အံ့သြစရာမရှိတော့ဘူး "

ကွမ်ချန်နန်းတော်သခင်မ ပြုံးပြီးပြောလိုက်၏။

" အစ်ကိုဝူဒိုစိတ်မပူနဲ့ ယိုမီအိမ်တော်က အရှေ့ပိုင်းကောင်းကင်ဘုံတစ်ခု လုံးကို စိုးမိုးဖို့ထိတောင် ရည်မှန်းချက်ကြီးရှိနေတာ သူတို့လိုအိမ်တော်ကို ဘယ်တော့မှငါမပူးပေါင်းဘူး "

" ဒါနဲ့အစ်ကိုဝူဒိုက ကွမ်ချန်နန်းတော်ကို ရောက်လာရတဲ့ အဓိက အကြောင်းအရင်းတော့ရှိလိမ့်မယ်၊ အဲ့တာကိုတော့ ပြောပါဦး "

ကွမ်ချန်နန်းတော်သခင်မသည် ပြုံးလိုက်ကာ...

" အစ်ကိုဝူဒိုက ရှန်းဇုရဲ့ဆရာမို့လို့ ကွမ်ချန်နန်းတော်ကို ကယ်တင်ပေး တယ်လို့တော့ ငါ့ကိုမပြောနဲ့ "

" ဟား ဟား ကွမ်ချန်နန်းတော်သခင်မက စကားကိုဒဲ့တိုးပြောတတ်တာပဲ၊ ဒါဆိုဒီအဘိုးကြီးလည်း မဖုံးကွယ်ထားတော့ဘူး "

" ဒီအဘိုးကြီးက ကွမ်ချန်နန်းတော်ကိုလာခဲ့တာ အကြောင်းပြချက်သုံးမျိုးကြောင့်ပဲ "

ကွမ်ချန်နန်းတော်သခင်မ မျက်ခုံးပင့်သွားသည်။

" ပထမအချက်ကတော့ ဒီအဘိုးကြီးက ကိုးမျက်နှာလူသတ်သမားဆိုတဲ့ကောင်ကိုသတ်ပြီးတော့ အချက်အလက်တွေအများကြီးရခဲ့လို့ပဲ၊ အဲ့ဒီအချက်အလက်တွေထဲမှာ ယိုမီအိမ်တော်က ကွမ်ချန်နန်းတော်နဲ့မရဏဂိုဏ်းတို့ကို မသိမ်းဆည်းနိုင်သေးပေမဲ့ ဂေါင်ရီအင်ပါယာမှာရှိတဲ့ တစ်ခြားသွေးလဂိုဏ်း၊ နဂါးဘုရင်ကျွန်းနဲ့ ဖန်းဟောင်အုပ်စုကို ယိုမီအိမ်တော်က ထိန်းချုပ်ထားပြီးပြီ "

" ဘာ... "

ကွမ်ချန်နန်းတော်သခင်မအပြင် ကျန်လူများအားလုံး ထိတ်လန့်သွား၏။

ကွမ်ချန်နန်းတော်နှင့် မရဏဂိုဏ်းတို့ကလွဲ၍ ကျန်သည့်အင်အားစုသုံးစုလုံးကို ယိုမီအိမ်တော်က ထိန်းချုပ်ထားပြီလား။ ထိုသတင်းကအလွန် အံ့ဩစရာကောင်းလှသည်။

ချင်းချန်ပြောသွားသော ထိန်းချုပ်ထားသည်ဆိုသောစကားက ထိုအဖွဲ့အစည်းသုံးခုမှခေါင်းဆောင်များက ယိုမီအိမ်တော်ကို ခိုလှုံသွားပြီဟုဆိုလိုခြင်းဖြစ်၏။

ထို့ပြင်မရဏဂိုဏ်းတွင်လည်း ကျိုးဝူထျန်းနှင့် ကျန်သစ္စာဖောက်များကဲ့သို့ သူလျှိုများရှိနေကြပေလိမ့်မည်။

" ဒုတိယအချက်အနေနဲ့ ဒီအဘိုးကြီးက နတ်သမီးရှန်းဇုကို သူမရဲ့ကျင့်ကြံ

အဆင့်တက်အောင် ကူညီပေးဖို့ "

ချင်းချန်က ပေါ့ပေါ့ပါးပါးပင်ပြောလိုက်သည်။

" တတိယတစ်ခုကတော့... "

ချင်းချန်၏မျက်လုံးများက အလင်းတန်းများတောက်ပလာကာ...

" မင်းတို့ကွမ်ချန်နန်းတော်မှာ ကောင်းကင်ဆရာသခင်ယွီချန်ထားခဲ့တဲ့ လနတ်ဘုရားခန္ဓာကိုယ်ကိုကျင့်ကြံနိုင်တဲ့ လျှို့ဝှက်နယ်မြေတစ်ခုရှိတယ်လို့ ငါသိထားတယ် "

" အစ်ကိုဝူဒိုမင်းက လနတ်ဘုရားနယ်မြေထဲကိုဝင်ပြီးတော့ လနတ်ဘုရားခန္ဓာကိုယ်ကို ကျင့်ကြံချင်တာလား "

ကွမ်ချန်နန်းတော်သခင်မက အံ့အားသင့်သွား၏။

လနတ်ဘုရားနယ်မြေဆိုသည်မှာ ကွမ်ချန်နန်းတော်၏ သီးသန့် အမွေအနှစ်နယ်မြေဖြစ်ပြီး ကောင်းကင်ဆရာသခင်ယွီ ကျင့်ကြံနေထိုင်ခဲ့သော နေရာတစ်ခုလည်းဖြစ်သည်။

၎င်းနယ်မြေထဲတွင် လနတ်ဘုရား၏အံ့မခန်းတန်ခိုးစွမ်းအားများရှိ၏။

သို့သော် ချင်းချန်အနေဖြင့် လနတ်ဘုရားခန္ဓာကိုယ်ကို ကျင့်ကြံချင်သည် ဆိုသောအရာက သူမကိုဆွံ့အစေသည်။

လနတ်ဘုရားခန္ဓာကိုယ်ကိုကျင့်ကြံရန် အလွန်ပင်ခက်ခဲ၏။

သူတို့ကွမ်ချန်နန်းတော်သမိုင်းတွင်ပင် ကောင်းကင်ဆရာသခင်ယွီမှလွဲ၍ မည်သူကမှ လနတ်ဘုရားခန္ဓာကိုယ်ကို ကျင့်ကြံနိုင်ခြင်းမရှိသေးချေ။

" အစ်ကိုဝူဒို မင်းကိုငါဘယ်ကစပြောရမှန်းတောင် မသိတော့ဘူး၊ ငါ့ရဲ့ ကွမ်ချန်နန်းတော်မှာ လနတ်ဘုရားလျှို့ဝှက်ကျင့်ကြံခြင်းနယ်မြေဆိုတာ တကယ်ရှိတယ်၊ ပြီးတော့ လနတ်ဘုရားခန္ဓာကိုယ်လည်း ကျင့်ကြံနိုင်တယ်၊

ဒါပေမဲ့ လနတ်ဘုရားခန္ဓာကိုယ်ဆိုတာက ယင်အမျိုးအစားခန္ဓာကိုယ်ကျင့်စဥ်ပဲ၊ အစ်ကိုဂူဒိုမင်းက ယောကျ်ားတစ်ယောက်ကိုကိုယ်စားပြုတဲ့ ယန်ဓာတ်ပိုင်ဆိုင်သူ၊ ငါ့အထင် ဒီလနတ်ဘုရားခန္ဓာကိုယ်ကို အစ်ကိုဂူဒိုအနေနဲ့ ကျင့်ကြံနိုင်ဖို့ဆိုတာက တော်တော်လေးကို ခက်ခဲလောက်တယ် "

ကွမ်ချန်နန်းတော်သခင်မသည် လနတ်ဘုရားခန္ဓာကိုယ်ကို အမျိုးသမီးများသာ ကျင့်ကြံနိုင်ပြီး အမျိုးသားများက ကျင့်ကြံနိုင်ရန် မဖြစ်နိုင်သလောက်ပင်ဆိုတာကိုတော့ ထည့်မပြောတော့ပေ။

အဘယ့်ကြောင့်ဆိုသော် လနတ်ဘုရားခန္ဓာကိုယ်ကျင့်ကြံခြင်းတွင် အမျိုးသမီး၊ အမျိုးသား ကန့်သတ်ခြင်းမရှိသောကြောင့်ဖြစ်သည်။

အမျိုးသားများသည် လနတ်ဘုရားခန္ဓာကိုယ်ကိုကျင့်ကြံနိုင်သော်လည်း ကျင့်ကြံအဆင့်အောင်မြင်သွားသည်နှင့် မည်သို့ပုံစံဖြစ်သွားမည်ဆိုတာကို ခန့်မှန်းရခက်၏။

အစ်ကိုဂူဒိုလိုအဘိုးကြီးတစ်ယောက်က လနတ်ဘုရားခန္ဓာကိုယ်ကိုကျင့်ကြံပြီး လရောင်စွမ်းအားကိုထုတ်လွှတ်ကာ ဆွဲဆောင်မှုရှိသောအရှိန်အဝါများ အစ်ကိုဂူဒို၏ခန္ဓာကိုယ်တွင် ထွက်ပေါ်လာလျှင်...

လူတိုင်းကထိုပုံရိပ်ကိုတွေးလိုက်သည်နှင့် ခန္ဓာကိုယ်များတွန့်သွားကာ ကြက်သီးမွေးညင်းများထသွားကြသည်။

လက်ရှိတွင်ကွမ်ချန်နန်းတော်ထဲ၌ နတ်သမီးရှန်းဇုနှင့် စီနီယာအစ်မကန်ဝေတို့သာလျှင် လနတ်ဘုရားနယ်မြေထဲသို့ ကျင့်ကြံရန်အတွက်ဝင်ရောက်လို့ရပြီး ကျန်သူများကအရည်အချင်းမပြည့်မီချေ။

" ကွမ်ချန်နန်းတော်သခင်မစိတ်မပူနဲ့ ဒီအဘိုးကြီးရဲ့ကျင့်ကြံခြင်းမှာ ယင်စွမ်းအားတစ်မျိုးလိုအပ်နေလို့ပဲ၊ လနတ်ဘုရားခန္ဓာကိုယ်ကိုသာကျင့်ကြံနိုင်

ရင် ငါ့ရဲ့လိုအပ်နေတဲ့ယင်စွမ်းအားကို ထောက်ပံ့နိုင်မှာကျိန်းသေတယ်၊ ငါ အောင်မြင်စွာကျင့်ကြံနိုင်သည်ဖြစ်စေ မကျင့်ကြံနိုင်သည်ဖြစ်စေ ငါတစ်ခါ လောက်တော့စမ်းကြည့်ချင်တယ် "

ချင်းချန်သည်ကွမ်ချန်နန်းတော်သခင်မကိုကြည့်ကာ လေးလေးနက်နက် ပြန်ပြောလိုက်၏။

ကွမ်ချန်နန်းတော်သခင်မ တိတ်ဆိတ်သွားပြီး...

" အစ်ကိုဝူဒို အဲ့တာဆိုလဲ လနတ်ဘုရားခန္ဓာကိုယ်ထဲမှာကျင့်ကြံဖို့အတွက် ငါမင်းကိုကူညီပေးမယ် "

" ရှန်းဇုံ အစ်ကိုဝူဒိုကို လနတ်ဘုရားနယ်မြေထဲကိုခေါ်သွားလိုက် "

" အရာအားလုံးက ကံတရားအတိုင်းပေ့ါအစ်ကိုဝူဒို "

ချက်ချင်းပင်ရှန်းဇုံသည် သူမ၏ဆရာကိုဦးညွှတ်ကာ ချင်းချန်အားအရှေ့မှ ဦးဆောင်၍ လနတ်ဘုရားနယ်မြေထဲသို့ဝင်ရောက်ရန် ခေါ်ဆောင်သွား သည်။

ကွမ်ချန်နန်းတော်သခင်မသည် ထွက်ခွာသွားသောလူများ၏ ကျောပြင်ကို ကြည့်ရင်း ချင်းချန်အားသူ မပြောလိုက်သောစကားတစ်ခွန်းရှိ၏။ ထိုအရာ ကလနတ်ဘုရားလျှို့ဝှက်ကျင့်ကြံခြင်းနယ်မြေထဲသို့ ချင်းချန်ကပထမဆုံး ဝင်ရောက်နိုင်သည့်သူဖြစ်သည်။

လနတ်ဘုရားနယ်မြေက မသေမျိုးရေကန်၏ အနက်ရှိုင်းဆုံးနေရာရှိဂူထဲ တွင်ရှိနေခြင်းဖြစ်၏။

ရှန်းဇုံသည်အရှေ့ကဦးဆောင်ပြီး လနတ်ဘုရားနယ်မြေ၏အစီရင်ကိုဖွင့် ကာ ချင်းချန်နှင့်အတူလနတ်ဘုရားနယ်မြေထဲသို့ ဝင်ရောက်လိုက်ကြ သည်။

ရှန်းဇုသည် ချင်းချန်အားကြည့်ပြီး အံ့သြနေ၏။ ချင်းချန်ကနန်းတော် သခင်မကို မည်သည့်အရာတောင်းဆိုမည်လည်းဟု သူမတွေးနေခဲ့သော်လည်း မထင်မှတ်ပဲချင်းချန်သည် လနတ်ဘုရားနယ်မြေသို့ ဝင်ခွင့်ကို တောင်းဆိုခဲ့သည်။ ဤနေရာသည်လျှို့ဝှက်ဆန်းကြယ်ပြီး တားမြစ်နယ်မြေဖြစ်သော်လည်း ကွမ်ချန်နန်းတော်မှ ကောင်းကင်သမီးတော်များအားလုံး ဝင်ရောက်ဖူးသည့်နေရာဖြစ်၏။ နှစ်ပေါင်းမြောက်များစွာ တည်တံ့လာသောအမွေအနှစ်တစ်ခုဖြစ်သောကြောင့် ကောင်းကင်သမီးတော်များ ထောင်နှင့်ချီက ဤနေရာသို့ဝင်ရောက်ဖူးသည်။ သို့သော် ဤနေရာသို့ဝင်ရောက်ခဲ့သော ကောင်းကင်သမီးတော်များအားလုံးက လစွမ်းအားကိုစုပ်ယူနိုင်သည်မှလွဲ၍ လနတ်ဘုရားခန္ဓာကိုယ်ကို တစ်ယောက်မှအောင်မြင်စွာကျင့်ကြံနိုင်ခဲ့ခြင်းမရှိချေ။

ကွမ်ချန်နန်းတော်ရှိလက်ရှိလူများအားလုံးက လနတ်ဘုရားခန္ဓာကိုယ်ဆိုသည်မှာ လုံးဝမတည်ရှိသည့်အရာတစ်ခုလို့တောင် သံသယဝင်နေကြပြီဖြစ်၏။

***